## သတ်မှတ်ချက်ပြည့်မီမှု လိုအပ်ချက်များ

ဤပရိုဂရမ်အတွက် သတ်မှတ်ချက်ပြည့်မီရန် သင်သည်-

- Indiana ပြည်နယ်တွင် နေထိုင်ရမည်
- HIV ပိုးတွေ့ကြောင်း ရောဂါစစ်တမ်း ရှိထားရမည်
- Federal Poverty Level (FPL) (ဖက်ဒရယ် ဆင်းရဲနွမ်းပါးမှုအဆင့်) ၏ 300% အောက်နည်းသော ဝင်ငွေပမာဏ ရှိရမည်
- အလုပ်ရှင်အာမခံ၊ အိမ်ထောင်ဖက်/အတူနေလက်တွဲဖော်၏ အာမခံ၊ မိဘ၏ အာမခံ၊ ပုဂ္ဂလိကအာမခံ၊ Medicaid သို့မဟုတ် Medicare မှတစ်ဆင့် ရရှိနိုင်သည့် အခြားသော ဘက်စုံအာမခံအကာအကွယ် မရှိရပါ
- ဤပရိုဂရမ်တွင် စာရင်းသွင်းရန်နှင့် စာရင်းသွင်းမှုကို ဆက်လက်ထိန်းထားရန် Ryan White မှ ငွေကြေးထောက်ပံ့သော စောင့်ရှောက်ရေးနေရာတစ်ခုတွင် အမှုကိစ္စမန်နေဂျာနှင့်အတူ လက်တွဲလုပ်ဆောင်ရမည်

သင်သတ်မှတ်ချက်ပြည့်မီခြင်းရှိမရှိ သိရှိရန် သင်၏အမှုကိစ္စမန်နေဂျာနှင့်အတူ ဆွေးနွေးပါ။

## အာမခံအကာအကွယ် ကိစ္စရပ်များ

သင် ငွေတောင်းခံလွှာ လက်ခံရရှိလျှင် သို့မဟုတ် သင့်ဆေးဆိုင်က ဆရာဝန်ညွှန်းဆေးဝါးများအတွက် ငွေပေးချေရန် သင့်အား တောင်းဆိုလျှင် သင်၏ အမှုကိစ္စမန်နေဂျာကို ချက်ချင်းဆက်သွယ်ပါ။ ၎င်းသည် အခြေအနေကို သုံးသပ်ပြီး မည်သည့်ပြဿနာကိုမဆို ကူညီဖြေရှင်းရန် HIV ဝန်ဆောင်မှုများ ပရိုဂရမ်နှင့်အတူ လက်တွဲလုပ်ဆောင်နိုင်သည်။

**အရေးကြီးသော သတိပေးချက်-** ADAP/EIP သည် အတွင်းလူနာအဖြစ် ကုသစောင့်ရှောက်မှု သို့မဟုတ် အရေးပေါ်ခန်းတွင် ပြသမှုများအတွက် ကုန်ကျစရိတ်များကို ကျခံမပေးပါ။ ထို့ကြောင့် ဘက်စုံကျန်းမာရေးအာမခံအကာအကွယ်ကို ရယူခြင်းနှင့်ပတ်သက်၍ သင့်အမှုကိစ္စမန်နေဂျာနှင့်အတူ ဆွေးနွေးရန် အရေးကြီးပါသည်— သို့မှသာ အခြေအနေတိုင်းတွင် အာမခံအကာအကွယ်ရပါမည်။

# AIDS ဆေးဝါးအကူအညီ ပရိုဂရမ်နှင့် အစောပိုင်း ကြားဝင်ဖြေရှင်းမှု ပရိုဂရမ်

ဘက်စုံအာမခံအကာအကွယ် ရရှိရန် လုပ်ဆောင်နေစဉ် သင်သည် ဆေးဝါးများနှင့် ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများကို ကုန်ကျစရိတ်မရှိဘဲ လက်ခံရရှိရန် သတ်မှတ်ချက်ပြည့်မီနိုင်၍ အနှောင့်အယှက်မရှိဘဲ ကျန်းမာစွာ ဆက်လက်နေထိုင်နိုင်ပြီး သင့်စောင့်ရှောက်မှုကို ဆက်လက်ရရှိစေသည်။



Indiana Department of Health

Division of HIV/STI and Viral Hepatitis

Indiana Department of Health

in.gov/health

AIDS ဆေးဝါးအကူအညီ ပရိုဂရမ်နှင့် အစောပိုင်း ကြားဝင်ဖြေရှင်းမှု ပရိုဂရမ်

Indiana Department of Health

# အကျဉ်းချုပ်

ADAP/EIP တွင် ပရိုဂရမ်နှစ်ခု ပါရှိသည်- **AIDS Drug Assistance Program (ADAP) (AIDS ဆေးဝါးအကူအညီ ပရိုဂရမ်)** နှင့် **Early Intervention Program (EIP) (အစောပိုင်း ကြားဝင်ဖြေရှင်းမှု ပရိုဂရမ်)** တို့ ဖြစ်သည်။

ADAP သည် အထူးသဖြင့် HIV နှင့် ဆက်စပ်ကျန်းမာရေးအခြေအနေများကို ကုသရန်အတွက် အကန့်အသတ်ဖြင့် ရွေးချယ်ထားသော FDA အသိအမှတ်ပြုဆေးဝါးများကို ရယူခွင့်ပေးသည့် ဆေးဝါးအကူအညီ ပရိုဂရမ်တစ်ခု ဖြစ်သည်။ ၎င်းကို ကျန်းမာရေးအာမခံဟု မယူဆပါ။ ADAP သည် ADAP/EIP အတည်ပြုဆေးဝါးစာရင်းတွင် ရှိသည့် ဆေးဝါးများအတွက် 100% ပေးချေသည်။ ဆရာဝန်ညွှန်းဆေးဝါးများကို သင်နှစ်သက်ရာ မည်သည့်ဆေးဆိုင်တွင်မဆို ရယူနိုင်သည်။


EIP သည် ဝန်ဆောင်မှုပေးသူထံ သွားရောက်ပြသမှုများနှင့် ဓာတ်ခွဲခန်း ဝန်ဆောင်မှုများကဲ့သို့ အကြိမ်ရေကန့်သတ်ထားသည့် ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများအတွက် 100% ပေးချေသည်။ သင်ဆေးရုံတက်နေပါက သို့မဟုတ် အရေးပေါ်ခန်းသို့ သွားရောက်ရန် လိုအပ်ပါက EIP သည် မည်သည့်အတွင်းလူနာစောင့်ရှောက်မှု ကုန်ကျစရိတ်ကိုမျှ ကျခံပေးမည်မဟုတ်ပါ။

ဘက်စုံအာမခံကို ရရှိနိုင်သည့်အချိန်အထိ ဤပရိုဂရမ်ကို ကာလတိုသာ အသုံးပြုရန် ရည်ရွယ်သည်။

## ပရိုဂရမ်က မည်ကဲ့သို့အလုပ်လုပ်သလဲ။

ပရိုဂရမ်ကို ProCareRX နှင့် Unified Group တို့က စီမံခန့်ခွဲသည်။ ProCareRX သည် ဆရာဝန်ညွှန်းဆေးဝါး အကျိုးခံစားခွင့်များကို ကြီးကြပ်ပြီး Unified Group သည် ဆေးကုသမှုဆိုင်ရာ အကျိုးခံစားခွင့်များကို စီမံခန့်ခွဲသည်။

သင်သည် အောက်တွင်ပြထားသည်နှင့်တူသော Unified Group ထံမှ ကတ်ပြားကို စာတိုက်မှတစ်ဆင့် လက်ခံရရှိပါမည်။




## ပရိုဂရမ်တွင် မည်သည့်အရာများ အကျုံးဝင်သလဲ။

ADAP/EIP အတည်ပြုဆေးဝါးစာရင်းတွင် ဖော်ပြထားသည့်အတိုင်း ပရိုဂရမ်တွင် အကန့်အသတ်ဖြင့် ရွေးချယ်ထားသည့် ဆေးဝါးများနှင့် ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများ အကျုံးဝင်သည်။ ဆေးဝါးများကို ADAP အပိုင်းတွင် ထည့်သွင်းထားပြီး ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများကို EIP စာရင်းတွင် အကြမ်းဖျင်းဖော်ပြထားသည်။ ကုသမှုနှင့် ဝန်ဆောင်မှုအသစ်များကို ပေါင်းထည့်သည့်အခါ အတည်ပြုဆေးဝါးစာရင်းကို ပုံမှန်မွမ်းမံပြင်ဆင်သည်။

**ADAP/EIP အတည်ပြုဆေးဝါးစာရင်းကို ကြည့်ရန် စကန်ဖတ်ပါ-**

## အာမခံအကာအကွယ်ကို မည်သည့်အချိန်၌ စတင်အသုံးပြုနိုင်မည်နည်း။

HIV ဝန်ဆောင်မှုများ ပရိုဂရမ်က လျှောက်လွှာကို စီမံဆောင်ရွက်သည့် (တနင်္လာနေ့မှ ကြာသပတေးနေ့အထိ) ရက်သတ္တပတ်၏ သောကြာနေ့တွင် ဤပရိုဂရမ်ကို စတင်အသုံးပြုနိုင်ပါမည်။ သောကြာနေ့တွင် စီမံဆောင်ရွက်ပါက ၎င်းကို လာမည့်သောကြာနေ့တွင် စတင်သုံးပြုနိုင်ပါမည်။

## ၎င်းတွင် ကျွန်ုပ်မည်မျှကြာကြာ ရှိနေနိုင်သနည်း။

ယင်းက ဘက်စုံအာမခံအစီအစဉ်မဟုတ်ကြောင်း မှတ်သားထားပါ။ သင့်အမှုကိစ္စမန်နေဂျာ၏ ပံ့ပိုးကူညီမှုဖြင့် Medicaid၊ Medicare၊ အာမခံဈေးကွက် သို့မဟုတ် သင့်အလုပ်ရှင်၏ အာမခံမှတစ်ဆင့် အကျုံးဝင်မှုအကာအကွယ်ကို တတ်နိုင်သမျှ အမြန်ဆုံး လျှောက်ထားရမည်။ သင်၏ အာမခံအကာအကွယ်အသစ်ကို စတင်အသုံးပြုနိုင်သည့်အချိန်အထိ ဝန်ဆောင်မှုများကို ADAP/EIP မှတစ်ဆင့် ဆက်လက်ရရှိနိုင်သည်။

# အကြံပြုချက်များ

- အာမခံအကာအကွယ် ပြတ်တောက်မှုများမဖြစ်စေရန် သင့်အမှုကိစ္စမန်နေဂျာထံတွင် သင့်ပရိုဂရမ် စာရင်းသွင်းမှုကို ခြောက်လတစ်ကြိမ် သက်တမ်းတိုးကြောင်း သေချာပါစေ။ သင့်မွေးလအတွင်း သက်တမ်းတိုးပြီး နောက်ခြောက်လကြာမှ ထပ်မံသက်တမ်းတိုးရန် လိုအပ်ပါမည်။ သင်လာရောက်ပြသစဉ်အတွင်း လာမည့်နှစ်အတွက် သင်၏ ဆေးဘက်ဆိုင်ရာ လိုအပ်ချက်များကို အကောင်းဆုံး ပံ့ပိုးပေးသည့် ဘက်စုံကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အာမခံအကာအကွယ်တွင် စာရင်းသွင်းခြင်းနှင့်ပတ်သက်ပြီး သင့်အမှုကိစ္စမန်နေဂျာနှင့်အတူ ပြောဆိုဆွေးနွေးကြောင်း သေချာပါစေ။
- ဆရာဝန်ပြခြင်း၊ ဓာတ်ခွဲခန်းရက်ချိန်းနှင့် ဆေးဆိုင်သို့သွားရောက်ခြင်းတိုင်းတွင် သင့် Unified Group ကတ်ပြားကို ယူဆောင်လာပါ။ ဝန်ဆောင်မှုပေးသူများက ပရိုဂရမ်ထံမှ သင့်လျော်မှန်ကန်စွာ ငွေတောင်းခံနိုင်ရန် ၎င်းကတ်ပြားကို လိုအပ်ပါမည်။
- သင့်စောင့်ရှောက်မှုနှင့် ကုသမှုဆိုင်ရာ ရွေးချယ်စရာများကို ဆွေးနွေးသည့်အခါ သင်၏ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူနှင့် မျှဝေနိုင်စေရန်အတွက် ADAP/EIP အတည်ပြုဆေးဝါးစာရင်း မိတ္တူကို သင့်အမှုကိစ္စမန်နေဂျာထံမှ တောင်းဆိုပါ။ .

**HIV ဝန်ဆောင်မှုများ ပရိုဂရမ်အကြောင်း ပိုမိုလေ့လာရန်-**